# အမျိုးသားနိုင်ငံရေးမူဝါဒများ ကျယ်ပြန့်စွာသိရှိနိုင်ရေး ရှင်းလင်းပွဲပြုလုပ်

ရန်ကုန် ဇွန် (၁၅)

ပြည်သူလူထုအတွင်း အမျိုးသားနိုင်ငံရေးမူဝါဒများ ကျယ်ပြန့်စွာသိရှိနားလည် သဘောပေါက်စေရန် ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစု၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု၏ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ကော့မှူးမြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရပ်ရှင်ရုံခန်းမတွင် ဇွန်လ ၉ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါရှင်းလင်းပွဲတွင် သဘာပတိ ဦးတင်စိုးက မိန့်ခွန်းပြောကြားပြီး၊ အထွေထွေအတွင်းရေးမှူး ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားသည်။

ယင်းအမျိုးသားရေးတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံအား နိုင်ငံတကာစီးပွားရေး ပိတ်ဆို့ထားမှုကို ၈၈ ကျောင်းသားများးက ဆန့်ကျင်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံပေါ်ပေါက်ရေး၊ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် ပြုလုပ်နေကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသော ဒီမိုကရေစီရရှိရေးအတွက် ပြည်သူ၊ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးပါတီဝင်များ ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း၊ ထိုသို့လက်တွဲမှသာလျှင် တပ်မတော်အစိုးရမှ အရပ်သားအစိုးရ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသွားသည်။

အထွေထွေအတွင်းရေးမှူး ဦးအောင်ကျော်က " ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှု မပျက်ပြားရေး၊ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရန် အခြေခံလိုအပ်ချက်များ တည်ဆောက်နိုင်ရေး၊ ပြည်ပက အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်စော်ကားမှု အန္တရာယ်ကာကွယ်နိုင်ရေး၊ ငြိမ်းချမ်းချောမွေ့စွာ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်နေရမှုအပေါ် မူတည်ပြီး တပ်မတော်အစိုးရ အုပ်ချုပ်မှုက လိုအပ်ပါတယ် " ဟု ပြောကြားခဲ့ပြီး ပြည်ပနိုင်ငံများက ယင်းအချက်ပေါ်မူတည်ပြီး မြန်မာနိုင်ငံကို လူသားချင်းစာနာထောက်ထားမှု ဖြတ်တောက်နေခြင်းဖြစ်သည်ဟု ဆိုသည်။